UMG
Sales & Marketing Dep

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

# "မီးစက် အရောင်းအဝယ်–နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit**

**(SO No. MLM-BSO-UNT-2025-05-0001)**

**( SR NO. )**

**Contract No. WF-MS-238/2025**

၂၀၂၅ခုနှစ်၊ မေလ (၉)ရက်နေ့တွင် မော်လမြိုင်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of Winning Way Co., Ltd.)
အမှတ်(၁၆)၊ တောင်ဝိုင်းလမ်း၊ ဈေးကြီးရပ်၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

မီးစက်ဝယ်ယူသူ ။ ။ ဦးအောင်မင်းဆန်း (ဘ) ဦးအောင်မြင့်
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်– ၁၀/မလမ(နိုင်)၁၂၉၆၆၂
လိပ်စာ– အမှတ်(၂၆)၊ ၁ လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၉–၄၂၈၇၀၂၃၂၅။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူ စာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ မီးစက် ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit အတွက် တန်ဖိုးငွေ USD –17,300/- (USD – Seventeen Thousand and Three Hundred Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသော မြန်မာကျပ်ငွေ Landed Mawlamyine နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်း လာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင်ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

Scanned by CamScanner

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

K 250



Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit
၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit (၁,၀၀၀) စေ့ရောက်အသုံးပြုပြီး
မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ် (သို့မဟုတ်)နာရီပေါင်း (၁,၀၀၀) စေ့ရောက်အသုံးပြုပြီး
မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ် (သို့မဟုတ်)နာရီပေါင်း ... တစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်)
သည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၁,၀၀၀) ပြည့်သည့်ကာလ (နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်များပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာ နေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီ အလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့်မီးစက်များကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit အတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-10,380/- (USD – Ten Thousand Three Hundred and Eighty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် (၃၀-၄-၂၀၂၅) ရက်နေ့တွင် (RV NO. WW-RV-25040010) ဖြင့် ရောင်းချသူ၏ မော်လမြိုင်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီး ဖြစ်ပါသည်။

၉။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-165PS (Silent Type) 150KVA (1)Unit အတွက် ကျန်ငွေ USD-6,920/- (USD – Six Thousand Nine Hundred and Twenty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ မေလ မီးစက်လွှဲပြောင်းပြီး(၇)ရက်ကြာချိန်တွင် ရောင်းချသူ၏ မော်လမြိုင်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၁၀။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၅ ခုနှစ် ၊ မေလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၁၁။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၃)သို့

Scanned by CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် K 250



၁၂။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| <u>မီးစက် ရောင်းချသူ</u> | <u>မီးစက် ဝယ်ယူသူ</u> |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးအောင်မင်းဆန်း (၁၀/မလမ(နိုင်)၁၂၉၆၆၂) |
| (for and on behalf of Winning Way Co., Ltd.) | |

<u>အသိသက်သေများ</u>

| | | | |
|---|---|---|---|
| လက်မှတ် – | | လက်မှတ် – | |
| အမည် – | အေးပွင့်ဖြူ | အမည် – | ဦးအောင်ကျော်ဆန်း |
| နသအမှတ် – | ၁၀/မလမ(နိုင်)၁၉၈၄၈၈ | နသအမှတ် – | ၁၀/မလမ(နိုင်)၁၁၆၅၅၂ |
| နေရပ် – | အမှတ် (၁၆)၊ တောင်ဝိုင်းလမ်း၊ | နေရပ် – | မော်လမြိုင်မြို့ (ဦးဝင်ကျွန်းရပ်) |
| – | ဈေးကြိုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | – | |

လက်မှတ် –
အမည် – ဦးနေဝင်းအောင်
နသအမှတ် – ၉/သစန(နိုင်)၁၅၃၂၂၁
နေရပ် – အမှတ် (၁၆)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

Scanned by CamScanner